မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၂၄ ]  ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၀ ရက်)

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်အမှတ် ၇၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (National Solidarity and Peace–making Negotiate Committee)** တွင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**တိုင်းဒေသကြီး ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဝင်းမြင့် အား မကွေးတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် အား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ် အောင်လင်းထွန်း အား ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေး လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၂၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်)

**ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုအပ်နှင်းလျက် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ် ခန့်အပ် တာဝန်ပေးထားသည့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီး မင်းသန်း **အစား** ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်)

**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၆ အရ **အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(င) ဆက်သွယ်ရေးညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ မေလ ၇ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးအောင်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဦးမင်းသူ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (ဂ) ပါမောက္ခ ဒေါက်တာကိုကို | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ဃ) ဦးရဲမင်းဇော် | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မကွေး) မှ ဒုတိယပါမောက္ခချုပ် (စီမံ) ပါမောက္ခ ဒေါက်တာ အေးအေးဦး ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၇ ရက်)

### (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီ ဖွဲ့စည်းခြင်း

၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် **(၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီ** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(၁) **(၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ**

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) အဖွဲ့ဝင်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | အဖွဲ့ဝင် |
| (ဃ) ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇ) အဖွဲ့ဝင် — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဈ) ရန်ကုန်မြို့တော်ဝန်၊ အဖွဲ့ဝင် (၂) — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ည) တွဲဖက်စစ်ရေးချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ပ) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(၂) (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အာဇာနည်နေ့အခမ်းအနား ကျင်းပရေးအတွက် မူဝါဒများချမှတ်ခြင်း၊

(ခ) အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့၏ လုပ်ငန်းများအား ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂ) အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် စနစ်တကျလုံခြုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း။

(၃) **(၇၄) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ**

| | |
|---|---|
| (က) ဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) ဒုတိယဝန်ကြီး<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) အဖွဲ့ဝင် (၁)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (င) အဖွဲ့ဝင် (၃)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (စ) အဖွဲ့ဝင် (၄)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) အဖွဲ့ဝင် (၅)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဇ) အဖွဲ့ဝင် (၆)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) အဖွဲ့ဝင် (၇)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) ဒုတိယတိုင်းမှူး<br>ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဋ) ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဌ) ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

( ဒ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

( ဓ ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( န ) အတွင်းရေးမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

( ပ ) ခေတ္တဥက္ကဋ္ဌ အဖွဲ့ဝင်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

( ဖ ) တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန

( ဗ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးလမ်းဦးစီးဌာန

(ဘ) ဥက္ကဋ္ဌ အဖွဲ့ဝင်
တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

( မ ) ရန်ကုန်မြို့တော်ဝန် အတွင်းရေးမှူး
အဖွဲ့ဝင် (၂)
ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ယ) အမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဗဟိုကော်မတီမှချမှတ်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ ) လိုအပ်သည့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း၊

( ဂ ) အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို အနီးကပ်ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း။

(၅) **(၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုံခြုံရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင် (၁)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဂ) | ဒုတိယတိုင်းမှူး<br>ရန်ကုန်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ခေတ္တပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဌာနမှူး (စီမံရေးရာဌာန)<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဋ) | တပ်ဖွဲ့မှူး<br>ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | တပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဍ) | တပ်ဖွဲ့မှူး<br>စည်ပင်သာယာရဲတပ်ဖွဲ့ (ရန်ကုန်) | အဖွဲ့ဝင် |
| (ဎ) | တပ်ဖွဲ့မှူး<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (ဏ) | ဒုတိယရဲချုပ် (၂) (လုံခြုံ/မှုခင်း)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (တ) | ကွပ်ကဲရေးမှူး<br>အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(၆) (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုံခြုံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား အတွင်းစည်း၊ အပြင်စည်းလုံခြုံရေးများ ဆောင်ရွက်ခြင်း၊

(ခ) အာဇာနည်ဗိမာန်သို့ တက်ရောက်လာသည့် နိုင်ငံတော်အဆင့် အကြီးအကဲများ၊ နိုင်ငံခြား သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လာရောက်ဂါရဝပြုသည့် ပုဂ္ဂိုလ်များ၏ လုံခြုံရေး ကိစ္စဆောင်ရွက်ခြင်း၊

(ဂ) နယ်မြေလုံခြုံရေးသတင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) လုံခြုံရေးနယ်မြေအတွင်း အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် လူစုလူဝေးဖြင့် စုဖွဲ့ခြင်း မရှိအောင် ကြိုတင်ဟန့်တားနိုင်ရေးစီမံဆောင်ရွက်ခြင်း၊

(င) လုံခြုံရေးစီမံချက် ရေးဆွဲခြင်း၊

(စ) လုံခြုံရေးကတ်ပြားများအား စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဆ) လုံခြုံရေးတပ်များ နေရာချထားခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဇ) မိုင်းရှင်းလင်းခြင်း၊ အတားအဆီးများစီမံဆောင်ရွက်ခြင်း၊

(ဈ) ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်မည့် အင်အားစာရင်းအား (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဋ) အစီအစဉ်ကို (၇၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဌ) လုံခြုံရေးကတ်၊ ယာဉ်ဝင်ခွင့်၊ လုံခြုံရေးအမှတ်အသားများစစ်ဆေးခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

### ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချီရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျောင်းသုံးစာအုပ် ရိုက်နှိပ်ဖြန့်ချီရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချီရေးကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပညာရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ပညာရေးဝန်ကြီးဌာန

(ဂ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

၂။ ကျောင်းသုံးစာအုပ် ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ နှစ်စဉ် မေလ တတိယအပတ် သို့မဟုတ် ဇွန်လ ပထမအပတ်တို့တွင် ကော်မတီအစည်းအဝေးကျင်းပပြီး ယခင်နှစ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သုံးသပ်ခြင်း၊

(ခ) ကျောင်းသားများလက်ဝယ် ကျောင်းသုံးစာအုပ်ဖြန့်ဝေနိုင်မှု အသင့်ပြင်ဆင်ထားရှိမှုများ တင်ပြခြင်း၊

(ဂ) နောင်ပညာသင်နှစ်အတွက် ဇွန်လမှ စတင်ပုံနှိပ်နိုင်ရေး ဆွေးနွေးခြင်း၊ အမှာစာကြိုတင်ပေးပို့ခြင်း၊

(ဃ) လျှပ်စစ်မီး၊ ပို့ဆောင်ရေးကိစ္စရပ်များနှင့် အခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးသို့ တင်ပြခြင်းများဆောင်ရွက်ခြင်း၊

(င) ကျောင်းသုံးအမှာစာအား ဇွန်လ ပထမပတ်တွင် မူလတန်း၊ အလယ်တန်းကြိုတင်အမှာစာနှင့် စက်တင်ဘာ တတိယအပတ်တွင် အထက်တန်းနှင့် နောက်ဆုံးအမှာစာ ပေးပို့နိုင်ရေးဆောင်ရွက်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**စီးပွားရေးရာကော်မတီအဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **စီးပွားရေးရာကော်မတီ** တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၁ ရက်)

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၂၁ ဖြင့်ဖွဲ့စည်းခဲ့သည့် **တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ** တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

**ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

ကော်မတီတွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာနနှင့် အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်အရ **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ — ဥက္ကဋ္ဌ

(ခ) ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ — ဒုတိယဥက္ကဋ္ဌ

(ဂ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(င) ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) ပြည်ထောင်စုဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ပြည်ထောင်စုဝန်ကြီး
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဠ) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ထ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဒ) | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘဏ်များအသင်း | အဖွဲ့ဝင် |
| (န) | ဦးခင်မောင်ကျော်<br>နာယက၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်<br>ဒုတိယဝန်ကြီး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဈေးကွက်များ၊ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကိုအကျိုးရှိရှိ ထိရောက်စွာအသုံးချရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းလမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

၃။ ဗဟိုကော်မတီ၏ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

## ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ** တွင် ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအား ဒုတိယဥက္ကဋ္ဌအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် (၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် (၂/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် (၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် ၁/၂၀၂၁၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် ၂/၂၀၂၁ တို့ဖြင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေ ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော် လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်–

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလ အတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီးဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်–

(ကက) သေဒဏ်၊

(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊

(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ် စီရင်ပါက ထိုသို့ စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက် ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆) တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေ အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နောက်ဆက်တွဲဇယား (က)

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊

၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် (၄/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

( ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ် မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် (၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စစ်အုပ်ချုပ်ရေး (Martial Law) အမိန့်အမှတ် ၄/၂၀၂၁ ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ဖြစ်သည့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင် သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**

(၁) လုံခြုံရေးကိစ္စရပ်များ၊

(၂) လူမှုရေးကိစ္စရပ်များ၊

(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊

(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

**(၁) တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည်စစ်အုပ်ချုပ်ရေး ကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရဖွဲ့စည်းထားသော တရားရုံးများဖြင့် ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီးဖွဲ့စည်းသည့်စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါပြစ်မှုတစ်ခုခုကိုကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊

( ခခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊

( ဂဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အတည်ပြုချက် ရရှိမှသာအတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅) ရက်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံသို့လည်းကောင်းပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှု စီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**နောက်ဆက်တွဲဇယား (က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊

၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ပြစ်မှုများ၊

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေအရ ပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ပြစ်မှုများ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

**အမိန့်ကြော်ငြာစာအမှတ် (၃၇၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ညောင်ဦးမြို့နယ်တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်စုနန္ဒာလှိုင် (တ/၂၉၆၃) အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)

### အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) နှင့်ပုဒ်မ ၇၂၊ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် ''Civil Disobedience Movement–CDM'' တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ ''CRPH'' နှင့် ''NUG'' အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့ပြင် ''NUG'' အဖွဲ့သည် ပြည်သူ့ကာကွယ်ရေး တပ်မတော် (People Defence Force–PDF) ကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ''NUG'' နှင့် ''PDF'' တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ အထက်ပါ အဖွဲ့များ၏ ''CDM'' ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ ''CDM'' မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၃) ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁၃) ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ

အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကြပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Htuttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေး အစိုးရ (National Unity Government–NUG)၊ ယင်းက ဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများ အဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကြီးကြပ်ရေးအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

### ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

| (၁၈) | ဒေါ်ထွေးထွေးအောင် | လက်ထောက်စက်ရုံမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အမှတ်(၃)အထည်စက်ရုံ (စစ်ကိုင်း) စက်ရုံမှူးတာဝန် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ဒုတိယစက်ရုံမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အမှတ်(၃)အထည်စက်ရုံ (စစ်ကိုင်း) စက်ရုံမှူးတာဝန် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း |
| (၁၉) | ဦးရဲနေခြင်း | လက်ထောက်စက်ရုံမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ဒုတိယစက်ရုံမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း |
| (၂၀) | ဦးဇော်မျိုးသန့် | လက်ထောက်စက်ရုံမှူး (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စက်ရုံတာဝန်ခံ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း | ဒုတိယစက်ရုံမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) သတင်းစာစက္ကူစက်ရုံ(သာပေါင်း) စက်ရုံတာဝန်ခံ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏လုပ်ငန်းများ မှန်ကန်ပြီး မြန်ဆန်စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၃) |
| ( င ) | ညွှန်ကြားရေးမှူး<br>လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် | အဖွဲ့ဝင် |
| (ဎ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဏ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ထ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဗ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဘ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (မ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |

(ယ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း

(ရ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

(လ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆေးဝါးလုပ်ငန်း

(ဝ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(သ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး(၁)
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဟ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး(၂)
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(ဠ) ဒုတိယအမြဲတမ်းအတွင်းဝန် တွဲဖက်အတွင်းရေးမှူး(၃)
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်ညီညွတ်စွာ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုအဖွဲ့အစည်းများတွင် တာဝန်ခံဆောင်ရွက်ရသည့်ပုဂ္ဂိုလ်များအား လုပ်ငန်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှုတို့ကို စနစ်တကျ သတ်မှတ်၍ တိကျသောလုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်စေရန်၊

(ဂ) ကော်မတီသည် နိုင်ငံတော်၏စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများနှင့် အခြားဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများကို လုပ်ငန်းသဘာဝနှင့်လျော်ညီစွာ စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျဆောင်ရွက်သွားရန်၊

(ဃ) ဝန်ကြီးဌာန စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(င) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သောကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

( ဇ ) နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု ညီညွတ်စွာဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်း အစိတ်အပိုင်းတစ်ခုနှင့် တစ်ခုအကြား ညီညွတ်မှုရှိစေရေး၊ ဝန်ဆောင်မှုတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းများကို စီးပွားရေးဆန်ဆန် ထိရောက်စွာစီမံခန့်ခွဲရေး၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ ထိန်းချုပ်ရေးတို့အတွက် ကော်မတီမှ လေ့လာသုံးသပ်၍ နည်းလမ်းများရှာကြံကာ ပြုပြင်သင့်သည်များကို ပြုပြင်ဆောင်ရွက်သွားရန်၊

( ဈ ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့်သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေရန် ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက်ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများ တင်ပြရန် ဖြစ်ပါသည်။

၄။ ယခင်ထုတ်ပြန်ခဲ့သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၁/ ၂၀၂၁)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၂၁ ဖြင့် ဖွဲ့စည်းထားသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဦးဆောင်ကော်မတီ (Steering Committee) အား ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မို့မို့သန့် ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၈/ ၂၀၂၁)

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ စာရင်းကိုင်-၁ (၃) ဦးနှင့် ဒုတိယဦးစီးမှူး (၇) ဦး စုစုပေါင်း (၁၀) ဦးတို့ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်သည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်တင်ဇာနွယ်<br>စာရင်းကိုင်-၁<br>(၂၃၄,၀၀၀- ၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ချိုဇင်ဝေ<br>စာရင်းကိုင်-၁<br>(၂၃၄,၀၀၀- ၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်ဖြူဖြူလတ်<br>စာရင်းကိုင်-၁<br>(၂၃၄,၀၀၀- ၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၄။ | ဒေါ်ဇူလိုင်ဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၅။ | ဦးအောင်သီဟ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၆။ | ဦးချစ်ကိုကိုထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၇။ | ဒေါ်အေးနှင်းခိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၈။ | ဒေါ်ဆွေဇင်ခိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |
| ၉။ | ဒေါ်အေးသီတာဝင်း (၁)<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်သည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁၀။ | ဒေါ်မြင့်သန္တာအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀- ၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၉/ ၂၀၂၁)

### ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်း MY-P17 နှင့် MY-P30 တို့အတွက် Project Steering Committee (PSC) ပြန်လည်ဖွဲ့စည်းခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်သည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း အဆင့်-၂ (Regional Development Project for Poverty Reduction Phase II) (MY-P17) နှင့် ဒေသတွင်း အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်းစီမံကိန်း (Regional Infrastructure Improvement Project) (MY-P30) တို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကြုံတွေ့ရသော အခက်အခဲများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးရန်နှင့် စီမံကိန်းများ၏ တိုးတက်မှုအခြေအနေကို ကြီးကြပ်ကွပ်ကဲနိုင်ရန် စီမံကိန်း ဦးဆောင်ကော်မတီ (Project Steering Committee - PSC) ကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမှုဆောင်အရာရှိချုပ်<br>မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အင်ဂျင်နီယာချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အင်ဂျင်နီယာချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဈ) အင်ဂျင်နီယာချုပ် — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဌ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဏ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

(ထ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဒ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဓ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(န) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး

(ပ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

(ဖ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ စီမံကိန်းဦးဆောင်ကော်မတီ (Project Steering Committee – PSC) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သော လမ်း၊ တံတား၊ လျှပ်စစ်နှင့် ရေရရှိရေး စသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မူဝါဒပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်မှုပြုရန်၊

(ခ) စီမံကိန်းများ၏ တိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲရန်။

၃။ ဤဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၁)**

**ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်း MY–P17 နှင့် MY–P30 တို့အတွက် Project Management Unit (PMU) ပြန်လည်ဖွဲ့စည်းခြင်း**

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်သည့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှု စီမံကိန်းအဆင့်–၂ (Regional Development Project for Poverty Reduction Phase II) (MY–P17) နှင့် ဒေသတွင်း အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်းစီမံကိန်း (Regional Infrastructure Improvement Project) (MY–P30) များကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအကြား ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် စီမံကိန်း အုပ်ချုပ်မှုအဖွဲ့ (Project Management Unit–PMU) ကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူး/ဒုတိယညွှန်ကြားရေးမှူး<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယအင်ဂျင်နီယာချုပ်/ဒုတိယညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဇ) ဒုတိယအထွေထွေမန်နေဂျာ/ လက်ထောက်အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဈ) အင်ဂျင်နီယာချုပ်/ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) အင်ဂျင်နီယာချုပ်/ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဋ) အင်ဂျင်နီယာချုပ်/ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ စီမံကိန်းအုပ်ချုပ်မှုအဖွဲ့ (Project Management Unit–PMU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဂျပန်နိုင်ငံအစိုးရ၏ ODA ချေးငွေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လိုအပ်သော လမ်း၊ တံတား၊ လျှပ်စစ်နှင့် ရေရရှိရေးစသည့် အခြေခံအဆောက်အအုံတည်ဆောက်ရေးနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအကြား ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) စီမံကိန်းခွဲများအား အနီးကပ် ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) စီမံကိန်းအုပ်ချုပ်မှုအဖွဲ့ (Project Management Unit–PMU) ၏ ဆောင်ရွက်ချက်များကို စီမံကိန်းဦးဆောင်ကော်မတီ (Project Steering Committee–PSC) သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြရန်။

၃။ ဤဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၀ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီအဖွဲ့ဝင်အမည်စာရင်း ပြောင်းလဲဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများမှ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဤဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **တည်ဆောက်ရေး တင်ဒါဗဟိုကော်မတီများ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများနှင့် အရည်အသွေး ထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီများ** အနက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ **အရည်အသွေးထိန်းချုပ်စိစစ်ရေးနှင့် အပြီးသတ်လက်ခံရေးကော်မတီ** မှ အတွင်းရေးမှူး ဦးမင်းကိုကို၊ ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန **အစား** ဦးဌေးလှိုင်၊ ခေတ္တညွှန်ကြားရေးမှူး (စီမံ)၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနဖြင့် ပြောင်းလဲဖွဲ့စည်းလိုက်သည်။

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

အမှတ် ၉၈။ သတင်းမီဒီယာနည်းဥပဒေ ၅၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀)၊ (၃၁) နှင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၅) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ် တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာနည်းဥပဒေ ၆ အရ အဖွဲ့ဝင်များထံမှ အများဆန္ဒဖြင့် ရွေးချယ် တာဝန်ပေးအပ်ချက်အရ **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က) ဒေါက်တာတင်ထွန်း (သထုံ တင်ထွန်း) — ဥက္ကဋ္ဌ
သတင်းမီဒီယာနှင့်သက်ဆိုင်သည့် တတ်သိပညာရှင်

( ခ ) ဒေါက်တာသက်လွင် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့

( ဂ ) ဒေါ်ကယ်ရယ်အင်ချစ်သာ — အဖွဲ့ဝင်
အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့

(ဃ) ဒေါက်တာလှသန်း — အဖွဲ့ဝင်
အမှုဆောင်အဖွဲ့ဝင်
မြန်မာနိုင်ငံနည်းပညာရှင်အဖွဲ့

( င ) ဦးလှချို — အဖွဲ့ဝင်
B.Sc, HGP,RL,DBL,DML

( စ ) ဒေါ်ယုယုဝင်း အဖွဲ့ဝင်
B.Sc,RL

(ဆ) ဒေါက်တာဇော်သန်း အဖွဲ့ဝင်
သတင်းမီဒီယာနှင့်သက်ဆိုင်သည့် တတ်သိပညာရှင်

( ဇ ) ဒေါက်တာဒေါ်သီတာတင် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အမှတ် ၉၉။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာ နည်းဥပဒေ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ များနှင့်အညီ ကောင်စီဝင်များကို ရွေးချယ်တင်မြှောက်ရမည်။

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်)

**စိုက်ပျိုးရေးဦးစီးဌာနမှ FARM Project တွင် တွဲဖက်တာဝန်ပေးအပ်ထားသော Project Manager နှင့် Project Management Staff Officer တို့အား လစဉ်ချီးမြှင့်ငွေ ဆက်လက်ခံစားခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဦးနှင့် ဦးစီးအရာရှိ ဒေါက်တာမျိုးကျော်သူ တို့အား FARM Project တွင် Project Manager နှင့် Project Management Staff Officer အဖြစ် (၇-၄-၂၀၂၁) မှ (၃၀-၆-၂၀၂၂) ရက်နေ့ထိ တာဝန်ထမ်းဆောင်ခွင့်ပြုကြောင်းနှင့် ၎င်းတို့နှစ်ဦး၏ တာဝန်ထမ်းဆောင်မှုအတွက် လက်ရှိခံစားလျက်ရှိသော ကနဦးလစာနှုန်းအတိုင်း လစဉ်ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၁) အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) ဦးကျော်ထွန်းအေး အား စက်မှုလယ်ယာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၄၃/ ၂၀၂၁)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀) အဆင့်ရှိ နည်းပြ (စိုက်ပျိုးရေး/မွေးမြူရေး) ဒေါ်မော်မော်ခိုင် အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဆင့်ရှိ လက်ထောက်ကထိက (စိုက်ပျိုးရေး/မွေးမြူရေး) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီးနောက် လက်ရှိတာဝန်ထမ်းဆောင်နေသည့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံတွင် ဆက်လက်တာဝန်ချထားလိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၇၉/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စီမံကိန်းနှင့်အုပ်ချုပ်ရေးဌာနမှ လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀–၃၉၄,၀၀၀) ဒုတိယအထွေထွေမန်နေဂျာ (အုပ်ချုပ်ရေး) ဦးစိုင်းသော်လင်း အား အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာနတွင် လစ်လပ်လာမည့် လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၈၇/၂၀၂၁)

၁။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၄၁၈,၀၀၀–၄,၀၀၀–၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုချိုရှိန် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၂၁ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့အထိ ခံစားခွင့် ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ(၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၉၆/၂၀၂၁)**

၁။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ အထက်မြန်မာပြည်အုပ်ချုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ဦးမျိုးဝင်း အား ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီးတင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၁)**

ရန်ကုန်မြို့၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စီမံရေးရာဌာနမှ ဒုတိယဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၀၅၀၇ ဒေါ်နီနီတင် အား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (ထ) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၁၀၁/၀၂ (၅၅၇၀)/စသက ဖြင့် ထုတ်ပြန်သောအမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၀) အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့အထိ အများပြည်သူအကျိုးငှာ ငြင်းပယ်ခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လ အား ဝန်ထမ်း၏ လျှောက်ထားချက်အရ တ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မတီဝင်များ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (ခ) (၁) ဖြင့် ပယ်ဖျက်လိုက်သည်။

ဗိုလ်ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်)

အမှတ် ၃၇/၂၀၂၁။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး)၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂၄) တွင် တက်ရောက်သင်ကြား အောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | |
|---|---|---|
| (၁) | ဟန်ဇော်ဝင်း | ကြည်း ၇၇၁၃၂ |
| (၂) | အောင်ကိုကိုလတ် | ကြည်း ၇၇၁၃၃ |
| (၃) | မင်းဇော်ထက် | ကြည်း ၇၇၁၃၄ |
| (၄) | အောင်မိုးသူ | ကြည်း ၇၇၁၃၅ |
| (၅) | ဟိန်းထက်အောင် | ကြည်း ၇၇၁၃၆ |
| (၆) | ခင်အောင်မိုး | ကြည်း ၇၇၁၃၇ |
| (၇) | ဝင်းမင်းသန်း | ကြည်း ၇၇၁၃၈ |
| (၈) | စိုင်းရှောက်ယိန်း | ကြည်း ၇၇၁၃၉ |
| (၉) | အောင်လှဋွေး | ကြည်း ၇၇၁၄၀ |
| (၁၀) | စစ်နိုင်လင်း | ကြည်း ၇၇၁၄၁ |
| (၁၁) | စိုးလှိုင်ဝင်း | ကြည်း ၇၇၁၄၂ |
| (၁၂) | ရဲကိုဦး | ကြည်း ၇၇၁၄၃ |
| (၁၃) | အေးချမ်းမောင် | ကြည်း ၇၇၁၄၄ |
| (၁၄) | နိုင်လင်းဖြိုး | ကြည်း ၇၇၁၄၅ |
| (၁၅) | နေပိုင်ဦး | ကြည်း ၇၇၁၄၆ |
| (၁၆) | သန့်ဇင် | ကြည်း ၇၇၁၄၇ |
| (၁၇) | မျိုးမင်းအောင် | ကြည်း ၇၇၁၄၈ |
| (၁၈) | စိုးသိန်း | ကြည်း ၇၇၁၄၉ |
| (၁၉) | ဝဏ္ဏထွန်း | ကြည်း ၇၇၁၅၀ |

| | | |
|---|---|---|
| (၂၀) | အောင်သာလွင် | ကြည်း ၇၇၁၅၁ |
| (၂၁) | အောင်နိုင်ဦး | ကြည်း ၇၇၁၅၂ |
| (၂၂) | ဇော်မျိုးလင်း | ကြည်း ၇၇၁၅၃ |
| (၂၃) | မျိုးမင်းသူ | ကြည်း ၇၇၁၅၄ |
| (၂၄) | နေဇော်ဦး | ကြည်း ၇၇၁၅၅ |
| (၂၅) | အောင်ဖြိုးဦး | ကြည်း ၇၇၁၅၆ |
| (၂၆) | သိန်းကြွယ် | ကြည်း ၇၇၁၅၇ |
| (၂၇) | နေမင်းခိုင် | ကြည်း ၇၇၁၅၈ |
| (၂၈) | စိုင်းသူအောင် | ကြည်း ၇၇၁၅၉ |
| (၂၉) | ဇော်ရဲပိုင် | ကြည်း ၇၇၁၆၀ |
| (၃၀) | ပြည့်စုံအောင် | ကြည်း ၇၇၁၆၁ |
| (၃၁) | အောင်ပြည့်စိုး | ကြည်း ၇၇၁၆၂ |
| (၃၂) | ထက်ဝေယံ | ကြည်း ၇၇၁၆၃ |
| (၃၃) | အောင်သူသိဏ်း | ကြည်း ၇၇၁၆၄ |
| (၃၄) | ပြည့်စုံအောင်မြင် | ကြည်း ၇၇၁၆၅ |
| (၃၅) | ကျော်သက်နိုင် | ကြည်း ၇၇၁၆၆ |
| (၃၆) | အောင်မြင့်ပိုင် | ကြည်း ၇၇၁၆၇ |
| (၃၇) | သန့်ဇင်အောင် | ကြည်း ၇၇၁၆၈ |
| (၃၈) | ထွဋ်အောင်ရှိုင်းမြင့် | ကြည်း ၇၇၁၆၉ |
| (၃၉) | ဝင်းဇော်ဦး | ကြည်း ၇၇၁၇၀ |
| (၄၀) | ဝေဖြိုးဦး | ကြည်း ၇၇၁၇၁ |
| (၄၁) | ခင်မောင်စိုး | ကြည်း ၇၇၁၇၂ |
| (၄၂) | အောင်မြတ်သင်း | ကြည်း ၇၇၁၇၃ |
| (၄၃) | ဝေဇင်ထွန်း | ကြည်း ၇၇၁၇၄ |
| (၄၄) | အာကာမိုး | ကြည်း ၇၇၁၇၅ |
| (၄၅) | နေလင်းထက် | ကြည်း ၇၇၁၇၆ |
| (၄၆) | ရှင်းသန့်အောင် | ကြည်း ၇၇၁၇၇ |
| (၄၇) | ကျော်အောင်ဆန်း | ကြည်း ၇၇၁၇၈ |
| (၄၈) | သိန်းဇော် | ကြည်း ၇၇၁၇၉ |
| (၄၉) | ကိုကိုချစ် | ကြည်း ၇၇၁၈၀ |
| (၅၀) | မြင့်သူကို | ကြည်း ၇၇၁၈၁ |
| (၅၁) | ဝင်းမြတ်သူ | ကြည်း ၇၇၁၈၂ |
| (၅၂) | နိုင်ထက်ကို | ကြည်း ၇၇၁၈၃ |
| (၅၃) | အောင်ခိုင်ဟိန်း | ကြည်း ၇၇၁၈၄ |
| (၅၄) | ကျော်သက် | ကြည်း ၇၇၁၈၅ |
| (၅၅) | ဟိန်းထက်ဇော် | ကြည်း ၇၇၁၈၆ |
| (၅၆) | ဇော်ဇော်အောင် | ကြည်း ၇၇၁၈၇ |
| (၅၇) | ဖြိုးဝေအောင် | ကြည်း ၇၇၁၈၈ |
| (၅၈) | အောင်ဇော်မိုး | ကြည်း ၇၇၁၈၉ |
| (၅၉) | ကျော်ရဲထွဋ် | ကြည်း ၇၇၁၉၀ |
| (၆၀) | ပြည့်ဟိန်းကျော် | ကြည်း ၇၇၁၉၁ |
| (၆၁) | အောင်ခိုင်ထွန်း | ကြည်း ၇၇၁၉၂ |
| (၆၂) | သောင်းဆက်မော် | ကြည်း ၇၇၁၉၃ |

| | | |
|---|---|---|
| (၆၃) | ဇင်နိုင်လင်း | ကြည်း ၇၇၁၉၄ |
| (၆၄) | အောင်ကျော်ဟိန်း | ကြည်း ၇၇၁၉၅ |
| (၆၅) | သက်နိုင်စိုး | ကြည်း ၇၇၁၉၆ |
| (၆၆) | အောင်မျိုးထက် | ကြည်း ၇၇၁၉၇ |
| (၆၇) | ပြည့်ဖြိုးအောင် | ကြည်း ၇၇၁၉၈ |
| (၆၈) | ဟိန်းဇေယျာဦး | ကြည်း ၇၇၁၉၉ |
| (၆၉) | ပြည့်ဖြိုးသန့် | ကြည်း ၇၇၂၀၀ |
| (၇၀) | သန်းကိုဦး | ကြည်း ၇၇၂၀၁ |
| (၇၁) | စောမင်းအောင် | ကြည်း ၇၇၂၀၂ |
| (၇၂) | အောင်ကိုလင်း | ကြည်း ၇၇၂၀၃ |
| (၇၃) | နေဝင်းအောင် | ကြည်း ၇၇၂၀၄ |
| (၇၄) | မင်းဇေယျာ | ကြည်း ၇၇၂၀၅ |
| (၇၅) | တိုးလွင်ဦး | ကြည်း ၇၇၂၀၆ |
| (၇၆) | ဆန်းလင်းကို | ကြည်း ၇၇၂၀၇ |
| (၇၇) | နေလင်းအောင် | ကြည်း ၇၇၂၀၈ |
| (၇၈) | သုတအောင် | ကြည်း ၇၇၂၀၉ |
| (၇၉) | မျိုးမင်းခိုင် | ကြည်း ၇၇၂၁၀ |
| (၈၀) | မျိုးငွေ | ကြည်း ၇၇၂၁၁ |
| (၈၁) | ဖွဲ့မာန်ထွန်း | ကြည်း ၇၇၂၁၂ |
| (၈၂) | ဖုန်းမြင့်ကျော် | ကြည်း ၇၇၂၁၃ |
| (၈၃) | ပြည့်စုံအောင် | ကြည်း ၇၇၂၁၄ |
| (၈၄) | ဇော်ဝင်းအောင် | ကြည်း ၇၇၂၁၅ |
| (၈၅) | ဟန်ထက်ပိုင် | ကြည်း ၇၇၂၁၆ |
| (၈၆) | ဝေဖြိုးဇော် | ကြည်း ၇၇၂၁၇ |
| (၈၇) | ဇော်မင်းလတ် | ကြည်း ၇၇၂၁၈ |
| (၈၈) | ဇော်ငြိမ်းထွန်း | ကြည်း ၇၇၂၁၉ |
| (၈၉) | သန့်ဇင်လင်း | ကြည်း ၇၇၂၂၀ |
| (၉၀) | ဟိန်းထက်ဇော် | ကြည်း ၇၇၂၂၁ |
| (၉၁) | ကျော်မျိုးဇင် | ကြည်း ၇၇၂၂၂ |
| (၉၂) | ကျော်ထွန်းသာ | ကြည်း ၇၇၂၂၃ |
| (၉၃) | နေမျိုးထွန်း | ကြည်း ၇၇၂၂၄ |
| (၉၄) | ထွန်းလင်းအောင် | ကြည်း ၇၇၂၂၅ |
| (၉၅) | မိုးဝင်း | ကြည်း ၇၇၂၂၆ |
| (၉၆) | ခန့်ဝေယံ | ကြည်း ၇၇၂၂၇ |
| (၉၇) | ငြိမ်းချမ်းထွေး | ကြည်း ၇၇၂၂၈ |
| (၉၈) | ဟိန်းမင်းသူ | ကြည်း ၇၇၂၂၉ |
| (၉၉) | ခန့်ဝဏ္ဏထွန်း | ကြည်း ၇၇၂၃၀ |
| (၁၀၀) | တင့်လှိုင်ဝင်း | ကြည်း ၇၇၂၃၁ |
| (၁၀၁) | ပြည့်စုံအောင် | ကြည်း ၇၇၂၃၂ |
| (၁၀၂) | ငြိမ်းကိုကိုထွန်း | ကြည်း ၇၇၂၃၃ |
| (၁၀၃) | ဇော်ထက်အောင် | ကြည်း ၇၇၂၃၄ |
| (၁၀၄) | အောင်မြင်သူ | ကြည်း ၇၇၂၃၅ |
| (၁၀၅) | ကျော်ကျော်လှိုင် | ကြည်း ၇၇၂၃၆ |
| (၁၀၆) | သက်ပိုင်ဦး | ကြည်း ၇၇၂၃၇ |

| | | |
|---|---|---|
| (၁၀၇) | ကျော်ထက်အောင် | ကြည်း ၇၇၂၃၈ |
| (၁၀၈) | ဇော်ထွန်းအောင် | ကြည်း ၇၇၂၃၉ |
| (၁၀၉) | ချမ်းမြေ့အောင် | ကြည်း ၇၇၂၄၀ |
| (၁၁၀) | ဟိန်းမင်းစိုး | ကြည်း ၇၇၂၄၁ |
| (၁၁၁) | ဇင်မင်းနောင် | ကြည်း ၇၇၂၄၂ |
| (၁၁၂) | ကောင်းခန့်ဇင်ဦး | ကြည်း ၇၇၂၄၃ |
| (၁၁၃) | ထက်နိုင်ဝင်း | ကြည်း ၇၇၂၄၄ |
| (၁၁၄) | သက်မင်း | ကြည်း ၇၇၂၄၅ |
| (၁၁၅) | ဟိန်းခန့်ဇော် | ကြည်း ၇၇၂၄၆ |
| (၁၁၆) | အောင်သူ | ကြည်း ၇၇၂၄၇ |
| (၁၁၇) | မင်းပိုင်ဦး | ကြည်း ၇၇၂၄၈ |
| (၁၁၈) | ဝေယံကျော် | ကြည်း ၇၇၂၄၉ |
| (၁၁၉) | သန့်မင်းခန့် | ကြည်း ၇၇၂၅၀ |
| (၁၂၀) | အောင်ဟိန်းထက် | ကြည်း ၇၇၂၅၁ |
| (၁၂၁) | အောင်ရဲပိုင် | ကြည်း ၇၇၂၅၂ |
| (၁၂၂) | အောင်ကျော်ထွေး | ကြည်း ၇၇၂၅၃ |
| (၁၂၃) | အောင်ကို | ကြည်း ၇၇၂၅၄ |
| (၁၂၄) | တက်နေထွန်း | ကြည်း ၇၇၂၅၅ |
| (၁၂၅) | စိုးမြင့် | ကြည်း ၇၇၂၅၆ |
| (၁၂၆) | ဝေယံစိုး | ကြည်း ၇၇၂၅၇ |
| (၁၂၇) | ပြည့်စုံအောင် | ကြည်း ၇၇၂၅၈ |
| (၁၂၈) | ဝင်းကိုဦး | ကြည်း ၇၇၂၅၉ |
| (၁၂၉) | ထက်သူအောင် | ကြည်း ၇၇၂၆၀ |
| (၁၃၀) | ကိုကိုဦး | ကြည်း ၇၇၂၆၁ |
| (၁၃၁) | ကျော်မင်းထွေး | ကြည်း ၇၇၂၆၂ |
| (၁၃၂) | နေလင်းထွန်း | ကြည်း ၇၇၂၆၃ |
| (၁၃၃) | ဇေရဲနောင် | ကြည်း ၇၇၂၆၄ |
| (၁၃၄) | မျိုးချမ်းသာအောင် | ကြည်း ၇၇၂၆၅ |
| (၁၃၅) | တင်ဝင်းထွဋ် | ကြည်း ၇၇၂၆၆ |
| (၁၃၆) | ပြည့်ဖြိုး | ကြည်း ၇၇၂၆၇ |
| (၁၃၇) | မျိုးသက္က | ကြည်း ၇၇၂၆၈ |
| (၁၃၈) | နိုင်လင်းဦး | ကြည်း ၇၇၂၆၉ |
| (၁၃၉) | ဖြိုးထက်ကို | ကြည်း ၇၇၂၇၀ |
| (၁၄၀) | တင်ဟိန်းကျော် | ကြည်း ၇၇၂၇၁ |
| (၁၄၁) | ဉာဏ်လင်းအောင် | ကြည်း ၇၇၂၇၂ |
| (၁၄၂) | အောင်ရဲစိုး | ကြည်း ၇၇၂၇၃ |
| (၁၄၃) | အောင်ဖြိုးထွန်း | ကြည်း ၇၇၂၇၄ |
| (၁၄၄) | မျိုးစည်သူအောင် | ကြည်း ၇၇၂၇၅ |
| (၁၄၅) | မင်းသုခ | ကြည်း ၇၇၂၇၆ |
| (၁၄၆) | ရှိုင်းပြည့်အောင် | ကြည်း ၇၇၂၇၇ |
| (၁၄၇) | ဦးထွန်းမောင် | ကြည်း ၇၇၂၇၈ |
| (၁၄၈) | ခင်မောင်ထွန်း | ကြည်း ၇၇၂၇၉ |
| (၁၄၉) | မြတ်စည်သူစိုး | ကြည်း ၇၇၂၈၀ |
| (၁၅၀) | သူရထွန်းထွန်း | ကြည်း ၇၇၂၈၁ |

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

အမှတ် ၃၈/၂၀၂၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့်တာဝန်ဌာန၊ စီမံရေး ဌာနခွဲ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါစာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

အောင်ကျော်မိုး ကြည်း ၇၇၂၈၂

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

အမှတ် ၃၉/၂၀၂၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စီမံရေးနှင့် တာဝန်ဌာန၊ စီမံရေးဌာနခွဲ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါအရာခံဗိုလ်အား ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

မြင့်အောင် ကြည်း ၇၇၂၈၃

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)**
၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၆ ရက်)

အမှတ် ၆။ တောင်ကြီးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းဦး အား မိမိ၏အလုပ်ဝတ္တရားများ အပြင် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ခံစားမည်ဖြစ်သော လားရှိုးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းခင်သန်း ၏ အလုပ်ဝတ္တရားများကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

လားရှိုးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး၏အလုပ်ဝတ္တရားများကို ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းဦး သို့ လွှဲပြောင်းပေးပြီးသည့်နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) ၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၅ ရက်စွဲပါ စာအမှတ်–၄၈၉၆/၁–၇၁၂ အမ (စီမံ–၂) ဖြင့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ငြင်းပယ်ထားသော ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းခင်သန်း အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ (၈)၊ ခွင့်ခံစားခြင်းနည်းဥပဒေ(၈၇) (၈၉) တို့အရ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့အထိ ပျမ်းမျှလစာဖြင့် အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ–၂၃၃(က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်)

အမှတ် ၂၃၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါစာအမှတ်၊ ၁/၃၀၀၀/မွေးရေကျေး (၇၉၀/၂၀၂၁) အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လစာနှုန်း (၁၇၄,၀၀၀-၄,၀၀၀-၁၉၄,၀၀၀) အဆင့်ရရှိသည့် ညွှန်ကြားရေးမှူး ဦးမျိုးဦး အား လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရရှိသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/မြေယာ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်ပြီး အလုပ်ဝင်ရောက် ထမ်းဆောင်သည့်နေ့မှစ၍ ကနဦးလစာ (၄၁၈,၀၀၀/-) ကို ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

သက်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

## မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

### မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) ပယ်ဖျက်ခြင်း

ရည်ညွှန်းချက်။ (၁) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၁၅-၃-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ မခ/မသ/၁၈ အယ်လ်-၂၀၁၁ (၁၇၀)

(၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၅-၉-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃ (၅)/ စီမံကိန်း/ အားကစား

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ မြေကွက် အမှတ် (၁ ခ^၁၊ ၁ ခ^၂၊ ၁ ခ^၃)၊ မြေဧရိယာ (၂၀၁.၃၅၂) ဧကကို အားကစားဥယျာဉ် စီမံကိန်းနယ်မြေအသုံးပြုရန် အတွက် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန (ယခုကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန) သို့ ရည်ညွှန်း (၁) ပါ မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) ကို ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မြေလွှဲမိန့် (ပြန်တမ်း) ပါ မြေဧရိယာ (၂၀၁.၃၅၂) ဧကအနက် (၆) ဧကကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ ဓာတ်အားခွဲရုံတည်ဆောက်နိုင်ရန်အတွက် မြေအသုံးပြုခွင့်ပေးမည်ဖြစ်ပါ၍ ကျန်ရှိသည့် မြေဧရိယာ (၁၉၅.၃၅၂) ဧကကိုသာ မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် ပြန်လည်လွှဲပြောင်းပေးနိုင်ပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရည်ညွှန်း (၂) ပါစာဖြင့် ညှိနှိုင်းလာမှုအပေါ် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၉/၂၀၂၀) တွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် အထက်အပိုဒ် (၁) ပါ မူလထုတ်ပေးထားသော မြေလွှဲ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ကို ပယ်ဖျက်လိုက်သည်။

၃။ ၂၀၂၁ ခုနှစ်၊ မတ်လ (၃) ရက်နေ့တွင် အောက်ပါအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးလိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
ထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး
မြေနှင့် အိမ်ရာဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက် (၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ ကြော်ငြာစာ

**မြန်မာတကောင်း ရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

**မြန်မာတကောင်း ရောင်းဝယ်ရေး ကုမ္ပဏီ လီမိတက်** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်–

နေ့ရက် – ၁၁–၇–၂၀၂၁

အချိန် – နံနက် (၉:၃၀) နာရီ

နေရာ – စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၁၁၃/၃၂၃)၊ အခန်း –၈/စီ၊ (၇) လွှာ၊ Sea Green Tower၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဆိုပါအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရှင်းလင်းချက်များနှင့် စာရင်းရှင်းတမ်းကို တင်ပြပါမည်။

အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ဦးဇော်လွင်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၂၀၄၅/ ၁၁-၆-၂၀၂၁။